

“အို - နာမ်ဝိညာဉ်၏သား ငါအရှင်၏ ပထမဩဝါဒကား ဖြူစင်သန့်ရှင်း၍ သနားကြင်နာပြီး လင်းဝင်း ထွန်းတောက်သော စိတ်နှလုံးထားလော့”



“တရားမျှတမှုလမ်းတွင် လျှောက်လှမ်းလော့။ ဤလမ်းကား အမှန်တကယ် ဖြောင့်တန်းသော လမ်းပေတည်း။”



“အို အဆွေ အသင့်စိတ်နှလုံး၏ ဥယျာဉ်တွင် မေတ္တာနှင်းဆီမှတပါး အခြားမည်သည့်အရာ ကိုမျှ မစိုက်ပျိုးလေနှင့် . . . ။”



"အမှန်ပြောဆိုခြင်းသည် ခပ်သိမ်းသော လူ့ကိုယ်ကျင့်တရားအားလုံးတို့၏ အခြေခံအုတ်မြစ် ပင်ဖြစ်သည်။"



“ပေးကမ်းခြင်းသည် လည်ကောင်း၊ ရက်ရောခြင်းသည်လည်းကောင်း ငါ့အရှင်၏ သိက္ခာပုဒ်များ ဖြစ်ပေသည်။ ငါ့အရှင့် သိက္ခာပုဒ်များဖြင့် မိမိကိုယ်ကို ဆင်မြန်းသူသည် ကောင်းပေစွ။”




“မိမိထက် တစ်ပါးသူကို ပို၍ ဦးစားပေးသူအပေါ်သို့ ကောင်းချီးမင်္ဂလာကျရောက်ပေအံ့။”



“အို - လူသား၏ သားသမီး၊ အသင့်နှလုံးသား၏ ရွှင်လန်းဝမ်းမြောက်မှုဖြင့် ပျော်ရွှင်ဝမ်းမြောက်လော့။ သို့မှသာ အသင်သည် ငါအရှင့်အား တွေ့ဆုံရန်နှင့် ငါ၏အလှကျက်သရေကို ထင်ဟပ်ပြသရန် ထိုက်တန်သူဖြစ်ပေအံ့။”



“ကျွန်ုပ်တို့သည် အချိန်တိုင်း၌ အမှန်ပြောဆိုခြင်းနှင့် ဖြောင့်မတ်မှန်ကန်ခြင်း(ဟန်ဆောင်မှုကင်းသည့် ရိုးသားမှု)တို့ဖြင့် ထင်ရှား နေရမည် . . .။”



“အို . . . လူသား၊ ငါအရှင်၏ရှေ့တော်တွင် အသင့်ကိုယ်ကို (ကျိုးနွံ)နှိမ့်ချလော့။ သို့မှသာငါအရှင်သည် ကရုဏာတော်ရှိစွာဖြင့် အသင့်ထံလာနိုင်ပေမည်။”



“အသင် ပျော်ရွှင်ပါလေ၊ အသင် ကျေးဇူးတင်ရှိပါလေ။ ထာဝရဘုရားသခင်အား ကျေးဇူးတင်ရှိရန် နိုးထပါလေ။ အသင်၏ ကျေးဇူးတင်ရှိမှုသည် ပေးသနားမှုများကို တိုးပွါးသွားစေနိုင်၏။”



“. . . ခွင့်လွှတ်ခြင်းနှင့် သနားကရုဏာထားခြင်းတို့သည် သင်တို့၏ အဆင်တန်ဆာဖြစ်ပါစေ။ ယင်းအားဖြင့် ထာဝရဘုရားသခင် ကျေနပ်နှစ်ခြိုက်သူများ၏ နှလုံးသားများကို ကြည်နူးဝမ်းမြောက် စေအံ့။”



“အို လူအပေါင်းတို့၊ သင်တို့၏နှုတ်လျှာအား အမှန်ပြောဆိုခြင်းဖြင့် လှပကျက်သရေရှိအောင် ပြုကြကုန်လော့၊
သင်တို့၏ နာမ်ဝိညာဉ်ကိုလည်း ရိုးသားဖြောင့်မတ်ခြင်းဖြင့် ခြယ်မှုန်း၍ ဆင်မြန်း ကြကုန်လော့။”



“ထာဝရဘုရားသခင်၏ နိုင်ငံတော်ကို တန်းတူညီမျှခြင်းနှင့် တရားမျှတခြင်းတို့အပေါ်တွင် အခြေတည်ထားပြီး အသက်ရှင်သန်နေသူတိုင်းအား သနားကရုဏာထားခြင်း၊ သနားကြင်နာခြင်းနှင့် ကြင်နာခြင်းတို့အပေါ်တွင်လည်း အခြေတည်ထားပေ၏။”



“စစ်မှန်သော အဆင်တန်ဆာသည် ထာဝရဘုရားသခင်၏ ချစ်ခြင်းမေတ္တာနှင့် အရှင်မှတစ်ပါး
အခြားအရာခပ်သိမ်းကုန်မှ သံယောဇဉ်ပြတ်ကင်းခြင်းတို့တွင် ပါရှိပေ၏. . . .။”



“ဂုဏ်ယူဖွယ်အားလုံး၏ မူလအရင်းအမြစ်ကား ထာဝရဘုရားသခင် ချပေးသနားတော်မူသမျှကို
လက်ခံခြင်းနှင့် အရှင်ပြဋ္ဌာန်းသတ်မှတ်တော်မူသမျှကို ရှောင့်ရဲကျေနပ်ခြင်းပင် ဖြစ်ပေ၏။”



“ကောင်းချီးမင်္ဂလာသည် လူသားအားလုံးတို့ကို အကြီးမားဆုံးသော အကြင်နာတရား၊ မေတ္တာတရား
တို့ဖြင့် နီးနှောဆက်ဆံသူအတွက် ဖြစ်ပေသည်။”



“သတ္တိနှင့် စွမ်းအားတို့၏ အရင်းအမြစ်မှာ ထာဝရဘုရားသခင်၏ ကျမ်းစာဒေသနာတော်များကို တိုးမြှင့်လုပ်ဆောင်ခြင်းနှင့် အရှင်၏ချစ်ခြင်းမေတ္တာတွင် မြဲမြံစွာရပ်တည်နေခြင်းတို့ ဖြစ်သည်။”



“ထာဝရဘုရားသခင်ထံ၌ သင်၏ ယုံကြည်စိတ်ချမှုကို ဘယ်သောအခါမှ မပျောက်ဆုံးပါစေနှင့်။
ထာဝရဘုရားသခင်၏ သနားကရုဏာများသည် လူသားများအပေါ်သို့ စီးဆင်းရန် ဘယ်သောအခါမျှ
ရပ်တန့်မသွားသောကြောင့် သင်သည် အမြဲအစဉ် မျှော်လင့်ချက်ရှိပါလေ။”



“ယုံကြည်မှုခံထိုက်ခြင်းသည် လူအများတို့၏ တည်ငြိမ်အေးချမ်းမှုနှင့် လုံခြုံမှုဆီသို့ ဦးတည်စေသည့်
အကြီးမားဆုံးသော မုခ်ဦး(ဝင်ပေါက်)ဖြစ်ပေ၏။”



"အို လူအပေါင်းတို့၊ ထာဝရဘုရားရှင့် ချစ်ခြင်းမေတ္တာအပူဓာတ်ဖြင့် လင်းဝင်းထွန်းတောက်ကြ ကုန်လော့။
ဤသို့ဖြင့် အသင်တို့သည် အခြားသူတို့၏ နှလုံးသားများကို လင်းဝင်းထွန်းတောက်နိုင် စေလိမ့်မည်။"



“အို ဖြစ်တည်ခြင်း၏သား! အသင်ကား ငါအရှင်၏ ဆီမီးခွက်ဖြစ်၏။ ငါ၏အလင်းသည် အသင့်
(အတွင်းသန္တာန်)တွင်ရှိ၏။ ၎င်းမှ အသင်၏ လင်းဝင်းထွန်းတောက်ပခြင်းကို ယူလော့။ ငါအရှင်မှတစ်ပါး
အခြားသောအရာကို ရှာဖွေဆည်းပူးခြင်း မပြုလေနှင့်။”



"ဤသာသနာတော်ကို အမှုထမ်းရန် နိုးထ၍ မြင့်မြင့်မားမား ကြိုးပမ်းအားထုတ်ထားသည့် အဝတ်တန်ဆာဖြင့် ဆင်မြန်းထားသည့် သစ္စာရှိသူကား ပျော်ရွှင်ရပေစွ။"

“ကေန်အမှန် ထိုအရှင်သည် စိတ်ရှည်သည်းခံမှုဖြင့် ကြံ့ကြံ့ခံရပ်တည်သူတို့အတွက် ဆုလာဘ်ကို တိုးမြှင့် ပေးပေအံ့။”



“ကေန်အမှန် ထိုအရှင်သည် စိတ်ရှည်သည်းခံမှုဖြင့် ကြံ့ကြံ့ခံရပ်တည်သူတို့အတွက် ဆုလာဘ်ကို တိုးမြှင့် ပေးပေအံ့။”



“သင်တို့သည် ထာဝရဘုရားသခင်၏ သာသနာတော်တွင် မယိမ်းမယိုင် မြဲမြံစွာရပ်တည်ပါလျှင် သင်တို့၏ အဆင့်အခြေသည် တုနှိုင်းစရာမရှိ မြင့်မြတ်လာပေလတ္တံ့။”